# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဗဟိုစာရင်းအင်းအဖွဲ့မှ ဖွားသေစာရင်းအင်း ပုံစံ(၈)မျိုးအား ရိုက်နှိပ်ချုပ်လုပ်ရန်တင်ဒါဖွင့်ပွဲအခမ်းအနားကျင်းပ



၂၀၂၁ ခုနှစ်၊ ဇွန်လ (၁၅) ရက်

၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်အတွက် ဗဟိုစာရင်းအင်းအဖွဲ့မှ ဖွားသေစာရင်းအင်း ပုံစံ(၈)မျိုးအား ရိုက်နှိပ်ချုပ်လုပ်ရန် တင်ဒါဖွင့်ပွဲအခမ်းအနားကို ၂၀၂၁ ခုနှစ် ဇွန်လ ၁၅ ရက်၊ နံနက် (၁၀:၀၀) နာရီတွင် ရုံးအမှတ် (၃၂) အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ တင်ဒါဖွင့်ပွဲအခမ်းအနားသို့ တင်ဒါကော်မတီဥက္ကဋ္ဌ ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ တင်ဒါကော်မတီအတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းဇော်၊ တင်ဒါကော်မတီအဖွဲ့ဝင်များနှင့် ပုံနှိပ်တိုက်တာဝန်ခံများ တက်ရောက်ခဲ့ကြပါသည်။

တင်ဒါကော်မတီအတွင်းရေးမှူးက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ဗဟိုစာရင်းအင်းအဖွဲ့မှ ဖွားသေစာရင်းအင်း ပုံစံ(၈)မျိုး ရိုက်နှိပ်ချုပ်လုပ်နိုင်ရန် တင်ဒါဖွင့်ပွဲအခမ်းအနား ကျင်းပရခြင်း ဖြစ်ကြောင်း၊ တင်ဒါခေါ်ယူသည့် ပုံစံ(၈)မျိုးအတွက် ကုန်ကျစရိတ်ကို နိုင်ငံတော်ဘတ်ဂျက်မှ ကျခံအသုံးပြုရမှာဖြစ်ပြီး အထူးသဖြင့် မွေးဖွားမှုနှင့်သေဆုံးမှု လက်မှတ်များသည် ရေရှည် အသုံးပြုထိန်းသိမ်းရမှာဖြစ်သည့်အတွက် ပုံနှိပ်တိုက်များအနေဖြင့် သတ်မှတ်ထားသည့်

စံချိန်စံညွှန်းနှင့်အညီ ပစ္စည်းမှန်စျေးနှုန်းမှန်ဖြင့် တင်သွင်းပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ တင်ဒါလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြပါသည်။